# မောင်နှင်းဆွေ

## သိုင်းလောက သံဃာ သိုင်းလောက မေတ္တာ



ဝန်ရင်း
Read on the move

# သွေးချင်းရန်ဖက်

ချင်းလုံမြို့ကလေးမှာ တောင်ပေါ်မြို့ကလေးဖြစ်ပြီး၊ တောင် ခြေရင်းတွင် ယန်စီမြစ်ကြီးက ရစ်ခွေစီးဆင်းလျက်ရှိပေသည် ။ မြို့ကလေး မှာ တောင်ပေါ်မြို့ကလေးဖြစ်သည် နှင့် အညီ တောင်ခိုးတောင်ငွေ့တွေက ရစ်သိုင်းမှုန်ဝေလျက်ရှိ၏။ အဆောက်အအုံနှင့် လမ်းများမှာ လည်း တောင်ကိုရစ်ပတ်လျက်တည်ရှိ၏။

မြို့ခံလူများမှာ တရုတ်လူမျိုးများ ဖြစ်ကြပြီး၊ တစ်ခါတစ်ရံ မြို့ ပေါ်သို့ မွန်ဂိုစစ်တပ်များ ရောက်လာတတ်၏။ မြို့စားကြီးရန်ဝေမှာ တရားဥပဒေနှင့် လျော်ညီစွာ အုပ်ချုပ်ခဲ့သဖြင့် ဒုစရိုက်မှုအပေါင်းက ကင်းဝေးလျက်ရှိ၏။ မြို့စားကြီး၏ ညီရန်ရှောင်မှာ မြို့စားကြီးထက်ပင် ဩဇာအာဏာကြီးသူ ဖြစ်၏။

ချင်းလုံမြို့သူမြို့သားများမှာ လည်း မြို့စားကြီးထက် ညီတော်သူ ရန်ရှောင်ကို ပို၍ ကြောက်ရွံ့ ကြ၏။ ရန်ရှောင်က အပေါင်းအသင်းဆန့် ၏။ မြေပြန့်တွင် တရုတ်ပြည်ကြီးသို့ မတရားကျူးကျော်ဝင်ရောက် လာကြသော မွန်ဂိုစစ်တပ်များ နေရာအနှံ့ ခြေကုတ်ယူထားကြ၏။

ရန်ရှောင်က လူပါး။ ထိုသတင်းကြားသည် နှင့် မြေပြန့်သို့ လက်ဆောင်ပဏ္ဏာတွေယူကာ ချက်ချင်းဆင်းသွား၏။ ထို့နောက် မွန်ဂို ခေါင်းဆောင်များ နှင့် အလိုက်အထိုက်ပေါင်းကာ အင်အားတိုးချဲ့ခဲ့၏။

ထိုကိစ္စနှင့် ပတ်သက်ပြီး မြို့စားကြီးရန်ဝေက မနှစ်သက်။ သို့ ပေသ

ည့် သူ့ခမျာ အသက်အရွယ်ကလည်း ကြီးရင့်လာသလို ကျန်းမာ ရေးက လည်း မကောင်းလှသည် မို့ ရန်ရှောင်ပြုသမျှ ငုံ့ခံနေရပေ၏။

ရန်ရှောင်ကလည်း မွန်ဂိုစစ်တပ်ကို မိတ်ဖွဲ့ရုံသာမက ချင်းလုံ မြို့သို့ ပင် အလည်အပတ်ခေါ်ခဲ့၏။ မြို့နေလူများမှာ တရုတ်တိုင်းရင်းသား များ ဖြစ်၍ ရန်ရှောင်လုပ်ရပ်ကို မကျေမချမ်း ဖြစ်ခဲ့ကြ၏။

သို့ပေသည့် မကျေနပ်ချက်ကို တစ်လုံးမျှ မဖွင့်ဟရဲကြ။ သတင်းပေါ က်ကြားသွားလျှင် မလွယ်လှချေ။ ရန်ရှောင်၏ လျှို့ဝှက်သူလျှို များက လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တွေမှာ ပင် ရှိတတ်၏။

ရန်ရှောင်၏ လုပ်ရပ်ကို မကောင်းဘူးဟု ပြောလိုက်သည် နှင့် ထိုသူ သည် နောက်တစ်နေ့မျက်နှာသစ်စရာ ခေါင်းပင်ရှိတော့မည် မဟုတ်ချေ ။ ထို့ကြောင့် လည်း ချင်းလုံနယ်သားများမှာ ဝတ်ရုံနီကြီး တကားကားန င့် ဓားကြီးတွေချိတ်ပြီး သွားလာနေကြသည့် ရန်ရှောင်၏ စစ်သည် တော်တွေကို ကြောက်ရွံ့ ကြရ၏။

မြို့စားကြီးရန်ဝေမှာ အိပ်ရာပေါ်မှ ပင် မထနိုင်ချေ။ ဇနီးသည် ဖြစ် သူ ကျောက်မိန်မှာ လည်း ပပလွှားလွှား နေတတ်၊ ထိုင်တတ်သူ ဖြစ်ပြီး၊ ခင်ပွန်းသည် ကို လှည့်၍ ပင် ဂရုမစိုက်ချေ။ အသက်အရွယ် ကလည်း မြို့စားကြီးထက် အနှစ်နှစ်ဆယ်ခန့်ငယ်ပေရာ အလှအပ ပြင်ပြီး မင်းပွဲစိုးပွဲတွေသာ သွားနေတတ်၏။ ထို့အပြင် ပို၍ ထူးဆန်း သည် မှာ မြို့စားကြီး၏ ညီငယ်ရန်ရှောင်နှင့် လည်း ဘာလိုလို ဖြစ်နေ သည် ဟု သတင်းထွက်နေပေသည် ။

မြို့စားကြီးခမျာမှာ တော့ လူယုံတော်ပေရှိကိုသာ အားကိုး အားထားပြုနေရပေသည် ။ ရန်ရှောင်မှာ ဩဇာအာဏာပြင်းလှသူ ဖြစ် ပေရာ အမှုကိစ္စများ ဆောင်ရွက်ရာတွင် လည်း မလိုလျှင် မလိုသလို

ဆောင်ရွက်တတ်ပြီး၊ အမှုကိစ္စစီရင်ရာတွင် လည်း ကြောက်ဖွယ်လိလိ ကောင်းလှပေ၏။

သူ မကျေနပ်သည့် လူဆိုလျှင် ဘာမဟုတ်သည့် အမှုကိုပင် ကျူးလွန်သူဖြစ်စေ မြို့လယ်ခေါင်တွင် ကားစင်တင်ပြီး သတ်တတ်ပေ သည် ။ ထိုသို့ သတ်ဖြတ်ရာတွင် လည်း မသတ်မီ တစ်မြို့လုံးရှိ မြို့သူ မြို့သားများကိုခေါ်ကာ ကြည့်ခိုင်းခဲ့၏။

မြို့သူမြို့သားများ ခမျာမှာ လည်း ကားစင်ရှေ့တွင် ရပ်ရင်း အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် မကြည့်ဝံ့ဝံ့ ကြည့်နေကြရ၏။ အကယ်၍များ တစ်ဦးတစ်ယောက်က မကြည့်ပါဘူးဟု ငြင်းလိုက်သည် နှင့် ထိုသူမှာ လည်း အပြစ်ဒဏ်ခံရပြီသာ မှတ်ပေတော့၏။

ထိုသို့သော အကြောင်းခြင်းရာများကြောင့် လည်း ချင်းလုံ မြို့သူမြို့သားများမှာ ဘုရားတနေကြရ၏။ ယခုလည်း ကားစင်ပေါ်တွင် ချိတ်ဆွဲထားသော ခေါင်းလောင်းနက်ကြီးက တဒေါင်ဒေါင်နှင့် တီးခတ် ချေပြီဖြစ်ရာ တစ်မြို့လုံး တုန်လှုပ်သွားကြ၏။

ခေါင်းလောင်းနက်ကြီး၏ အသံကို မရဏမင်းခေါ်သံဟု တစ် မြို့လုံးက တင်စားထားကြ၏။

ထိုအသံပေါ်လာသည် နှင့် တစ်ပြိုင်နက် တစ်မြို့လုံး တိတ်ဆိတ်သွား၏။ လက်ဖက်ရည်ဆိုင်၊ ကုန်ရုံဆိုင်၊ အရက်ဆိုင် စသည့် ရှိသမျှသော ဆိုင်တွေအားလုံး တံခါးပိတ်သွားကြ၏။

ထို့အပြင် မြို့ပေါ်တွင် ရှိသမျှလူအားလုံး မြို့လယ်ခေါင်ရှိ ကားစင်နီကြီးတည်ရှိရာ ကွင်းပြင်သို့ အပြေးလာခဲ့ကြရလေသည် ။

အားလုံး၏ မျက်နှာများ သွေးစုပ်နေသည့် မျက်နှာများ အားလုံးပင်

ဖြူဖတ်ဖြူရော်နှင့် အထိတ်တလန့် စောင့်ကြည့်နေကြ၏။ ထိုအချိန်တွင် ကားစင်ရှေ့သို့ ခေါင်းတုံးပြောင်ပြောင်၊ ခါးကိုင်းကိုင်း၊ မုတ်ဆိတ်မွေးရှည်ရှည်နှင့် လူပုကြီးတစ်ဦး ထွက်လာ၏။

သူသည် ဝတ်ရုံနီကြီးက လွှမ်းခြုံထား၏။ ဝတ်ရုံကြီး၏ နောက်ကျော်တွင် အနက်ရောင်နဂါးကြီး၏ ပုံကို ရေးထိုးထား၏။ အဘိုးကြီးသည် ငွေရောင်စာအိတ်ကလေးကို ကိုင်ကာ တုန်ချိတုန်ချိနှင့် စင်ပေါ်တက်လာ၏။

ကားစင်ရှေ့ရောက်သည် နှင့် ပရိသတ်ကို တစ်ချက်လှမ်းကြည့် ရင်းလက်ထဲမှ ငွေရောင်စာအိတ်ကိုဖြန့်၍ ဖတ်လိုက်၏။

စင်စစ် သူ့အမည်မှာ ခါးကုန်းကြီးဝမ်ဖေ့ဖြစ်ပေသည် ။ တစ် နည်းအားဖြင့် ချင်းလုံတစ်မြို့လုံးက သူ့ကိုအာဏာသားပါးကွက်သား ဝမ်ဖေ့ဟု သိထားကြ၏။

ဝမ်ဖေ့၏ လက်ထဲကစာမှာ လည်း သေဒဏ်စီရင်ခံရသူနှင့် စပ်လျဉ်းသည့် အစီအစဉ်ကြေညာစာ ဖြစ်လေသည် ။

'ချင်းလုံမြို့သူမြို့သားများ ခင်ဗျား . . .ဒီတစ်ခါ သေဒဏ်စီရင် ခံရမည့် ပုဂ္ဂိုလ်မှာ လူကြီးမင်းတို့ လွန်စွာထိတ်ခန့်နေရသော သူခိုးလေးလောင်ကျက်ပင် ဖြစ်ပါတယ်။ သူဟာ မြို့စားကြီးနေထိုင်သည့် လျှို့ ဝှက်ခန်းသို့ပင် ခိုးဝှက်ရန် ရောက်ရှိလာစဉ် ခုလိုဖမ်းမိခဲ့ခြင်းဖြစ်ပါ တယ်။ မြို့စားမင်း၏ ညီတော် တရားစီရင်ရေးမင်းကြီးရန်ရှောင်၏ အမိန့် အရ လာမည့် လပြည့်နေ့ည ဟောဒီကားစင်ပေါ်မှာ အဆုံးစီရင်မည် ဖြစ်ပါတယ်။ ဒါကြောင့် ၎င်းနေ့ကို ရောက်သည် နှင့် တစ်မြို့လုံး လာ ရောက်ကြည့်ရှုကြရမည်ဟု ကိုယ်တော်ကြီးရန်ရှောင်က အမိန့်ထုတ် လိုက်ပါသည်'

ဝမ်ဖေ့၏ စကားဆုံးသည် နှင့် ကားစင်ပတ်ပတ်လည်တွင် ရပ် ကြည့်နေကြသော ချင်းလုံမြို့သူမြို့သားများမှာ ကျွက်စီကျွက်စီ ဖြစ် ကုန်ကြ၏။

ထိုသတင်းကိုကြားလိုက်ရသော ဆင်းရဲသားအချို့မှာ ရင်ဘတ် စည်တီးဖြစ်ကုန်ကြ၏။ ငိုသူကငို၊ စိတ်မကောင်းဖြစ်သူကဖြစ်နဲ့ သူခိုး လေးလောင်ကျက်အပေါ် ကရုဏာသက်နေကြ၏။

သို့ပေသည့် ပိုးကတ္တီပါပတ်ထားသော ကြေးရတတ်လူစုကြီး မှာ လောင်ကျက်ကို ကားစင်တင်၍ စီရင်မည်ဆိုတော့ ဝမ်းသာအားရ ဖြစ်နေကြ၏။ လက်ခုပ်တီးနေသူ တီး၊ လက်ခေါက်မှုတ်သူက မှုတ်နှင့် အကျေနပ်ကြီး ကျေနပ်နေကြလေသည် ။

စင်စစ် သူခိုးလေးလောင်ကျက်မှာ လူထူးလူဆန်းတစ်ဦး ဖြစ် ပေသည် ။ သူသည် တစ်ကိုယ်တော်သူခိုးဖြစ်ပြီး၊ သူ ခိုးယူသည့် အိမ် များမှာလည်း သူဌေးသူကြွယ်များ ၏ အိမ်ကြီးရခိုင်တွေသာ ဖြစ်သည် ။

ထိုသို့ ခိုးယူ လာပြီးသည့် အခါ တစ်ယောက်တည်း မသုံးစွဲဘဲ ဆင်းရဲသားများ စွာကို ဝေငှပေး၏။ ထို့ကြောင့် လည်း လောင်ကျက်ကို ဆင်းရဲသားအများ ထုက ကရုဏာသက်နေကြခြင်း ဖြစ်ပေသည် ။

သူဌေးသူကြွယ်များကတော့ လပြည့်နေ့ မြန်မြန်ရောက်ပါ စေလို့သာ တွင် တွင် ကြီး ဆုတောင်းနေကြလေသည် ။ ထိုအချိန်တွင် မြို့စားကြီးနေထိုင်ရာ ရဲတိုက်ကြီး၏ အနောက်ဘက် မြေတိုက်အကျဉ်းစခန်းထဲတွင် လောင်ကျက်တစ်ယောက် ထိုင်နေသည် ။

အခန်းကလေးက ငါးပေပတ်လည်ခန့်ရှိသည် ။ လေဝင်ပေါက် ကလေးသာ ဖောက်ထား၏။ အလင်းရောင်က မစို့မပို့သာရှိသည် မို့ အခန်းအောက်ခြေမှာ မှောင်နှင့် မည်းမည်း ဖြစ်နေသည် ။

စင်စစ် သူတို့ အကျဉ်းစခန်းတည်ရာမှာ တောင်ထိပ်ပေါ်တွင် ဖြစ်ပြီး၊ စခန်း၏ အနောက်ဘက်တွင် ယန်စီမြစ်ကြီးကို အပေါ်မှ လှမ်း ၍ မြင်နိုင်ပေသည် ။

မြစ်ကြီး၏ အသွင်မှာ နဂါးကြီးတစ်ကောင် ကွေ့ကွေ့ကောက် ကောက်သွားနေသည့် အလားပင် ဖြစ်နေသည် ။ အရောင်မှာ လည်း မဲနယ်နှ အရောင်နှယ် ပြာလွင်လွင်ရှိ၏။

အကျဉ်းစခန်းထဲရှိ သေဒဏ်အကျခံရသူများမှာ ကားစင် တင်၍ အသတ်ခံရပြီးနောက် တောင်ထိပ်ပေါ်မှ နေ၍ ယန်စီမြစ်ထဲသို့ ပစ်ချတတ်လေသည် ။

ယခုလည်း လောင်ကျက်တစ်ယောက် လပြည့်နေ့ညရောက် သည် နှင့် ယန်စီမြစ်ထဲသို့ အပစ်ချခံရပေတော့မည်။ သေဒဏ်စီရင် ထားသည့် အမိန့်စာကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အံ့တကြိတ်ကြိတ် ဖြစ်နေသည် ။

စင်စစ် သေရမှာ မကြောက်။ မရှိဆင်းရဲသားများ ၏ အကျိုးကို တတ်အားသမျှ ဖြည့်ဆည်းပေးခဲ့ပြီမို့ သူ့ကိုယ်သူ ကျေနပ်နေ၏။ သို့ ပေတည့် ဒီတစ်ခေါက်ဝင်ရောက်ခဲ့သည့် မြို့စားမင်း၏ လျှို့ဝှက်ခန်းကိစ္စ ကို ဘဝင်မကျနိုင်ဖြစ်နေသည် ။

အမှန်မတော့ လျှို့ဝှက်ခန်းထဲဝင်ခဲ့သည် မှာ ရတနာပစ္စည်း များ ခိုးယူဖို့ မဟုတ်ပါချေ။ မိခင်ကြီးပန်းယူခိုင်းလိုက်သော ကိစ္စများ မအောင်မြင်ခဲ့သဖြင့် သူ့ကိုယ်သူ မကျေမချမ်းဖြစ်နေသည် ။

စင်စစ် အမြဲတမ်းမျက်နှာဖုံးအနက်ကို စွပ်ထားတတ်သူ ဖြစ် ၏။ ယခု ဖမ်းမိသောအခါ သူ့မျက်နှာပေါ်မှ မျက်နှာဖုံးချွတ်ပေးခဲ့ရ၏။

မြို့စားမင်း၏ တပ်သားများမှာ သူ့မျက်နှာကိုမြင်တော့ အလွန် ပင် အံ့အားသင့်သွားခဲ့ကြ၏။ သူခိုးဆိုပါသော်လည်း လောင်ကျက် မျက်နှာက သူခိုးရုပ်မပေါက်ချေ။

နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်၊ မေး ရိုးကားကားနှင့် မိုးမင်းသားလေးတစ်ပါးအလား ထင်ရပေ၏။ ထို့အပြင် အရပ်အမောင်းမှာ လည်း ငါးပေရှစ်လက်မခန့်ရှိပြီး၊ ခန္ဓာကိုယ်အသွင် အပြင်က ပါးပါးလှပ်လှပ်ရှိသော်လည်း အချိုးအစားပြေပြစ်သည် ။

အရွယ်မှာ နှစ်ဆယ်ပင်မကျော်သေးသည် မို့ မြင်ရသူတိုင်း စုတ်တသပ်သပ်ဖြစ်ခဲ့ကြရ၏။ ယခုတော့ လောင်ကျက်တစ်ယောက် အကျဉ်းစခန်းထဲရှိ အခန်းကျဉ်းလေးထဲတွင် တစ်ယောက်တည်း ထိုင် နေ၏။

အခန်း၏ လေးဘက်လေးတန်တွင် လည်း ကျွန်းတံခါးကြီးများ ပိတ်လှောင်ကာဆီးထား၏။ လေပေါက်သေးသေးကလေးမှ ဝင်လာသော လေကြောင့် သာ အသက်ရှူနေနိုင်ခြင်း ဖြစ်ပေသည် ။

လောင်ကျက် ဒီအခန်းထဲကို ရောက်ခဲ့သည် မှာ ယခုဆိုလျှင် ခြောက်ရက်ခန့်ပင် ရှိချေပြီ ဖြစ်၏။ အစားအသောက် လုံးလုံးမစားရ သဖြင့် တစ်ကိုယ်လုံးမောဟိုက်နွမ်းနယ်လေ၏။

သူ့ရှေ့သို့ မကြာခဏရောက်လာတတ်သည် မှာ ထမင်းရေကျဲ တောက်တောက်ကလေးတစ်ခွက်သာ ဖြစ်၏။ လောင်ကျက်သည် ထမင်း ရည်ကို ကြည့်ပြီး အော်ဂလီဆန်ရ၏။ ပန်းကန်နှုတ်ခမ်းဘေးတွင် လည်း တီကောင်တွေက တွန့်တွန့် တွန့်တွန့်နှင့် တွယ်ကပ်တက်နေကြ၏။

ပြီးတော့ ထမင်းရည်၏ အရောင်ဝါညစ်ညစ်အရောင်ကြီးမို့ ပန်းကန်ကို လက်ဖျားနဲ့ ပင်မထိ။ အခန်းထဲရှိ ကောက်ရိုးပုံပေါ်ထိုင်ပြီး သေမည့်ရက်ကိုသာ လက်ရေချိုးနေရလေ၏။

*

# အခန်း (၁)

တဒုတ်ဒုတ် မြည်သံတွေကြောင့် လောင်ကျက်တစ်ယောက် ငုတ်တုတ်ထိုင်ပြီး အိပ်ငိုက်နေရာမှ လန့်နိုးလာ၏။ အခန်းတစ်ခုလုံး မှောင်မိုက်နေသဖြင့် ဟိုဟိုဒီဒီ အကဲခတ်လိုက်သည် ။

အသံလာရာကား အမိုးပေါ်ကလည်း မဟုတ်၊ လေးဘက်နံရံ ကလည်း မဟုတ်၊ နောက်ဆုံးမြေပြင်ပေါ်ကို နားကပ်ပြီး နားထောင် လိုက်သည် ။

'ဟင် . . .ဘယ်သူပါလိမ့်'

မြေအောက်တွင် တစ်ယောက်ယောက်တူးဆွနေပုံပင်။ ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှသည် မို့ တိရစ္ဆာန်တစ်ကောင်များ လားဟု တွေးထင်နေမိ၏။ စိတ်ထဲတွင် ထိတ်ထိတ်လန့်လန့်ဖြစ်နေ၏။

မြေပြင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ရင်တဖိုဖို ခံစားနေရ၏။ ထိုစဉ် ဒုတ်ခနဲမြည်သံနှင့် အတူ အင်္ဂတေကြမ်းခင်းကြီး ပေါက်ထွက် သွားကာ မြေမှုန်မြေစများက သူ့ထံသို့ လွင့်စင်လာ၏။

'အဟွတ် . . .အဟွတ် . . .အား'

မျက်နှာပေါ်စင်လာသည့် မြေမှုန်များကို သုတ်ရင်း မြေပေါ်သို့ ကြည့်လိုက်ရာ အပေါက်ကြီးတစ်ပေါက်ဖြစ်နေသည် ကို တွေ့လိုက်ရ၏။ ထိုအခါ လေးဘက်ထောက်ပြီး အပေါက်ကြီးကို ငုံ့ကြည့်၏။

'ဟာ . . .ခင် ခင်ဗျား ဘယ်သူလဲ'

'ရှူး . . .တိုးတိုးကွ'

ဆံပင်ဖြူဖြူနှင့် လူကြီးတစ်ယောက်။ လက်ထဲတွင် လည်း သံ စုတ်တံကြီးကို ကိုင်ထား၏။ ဆံပင်တွေလည်း ဖို့ ရို့ဖားရားဖြစ်ကာ မျက်နှာပေါ် အုပ်ကျနေ၏။ ထိုစဉ် ဆံပင်ဖြူနှင့် လူကြီးက တီးတိုးအသံ ပြုလာ၏။

'ဟေ့ကောင် . . .ငါ့ကို ဆွဲတင်ပါဦးကွ'

'ဟုတ် . . .ဟုတ်ကဲ့ခင်ဗျ'

လောင်ကျက်သည် ဆံပြင်ဖြူနှင့် လူကြီးကို မနိုင့်တနိုင်နှင့် ဆွဲတင်လိုက်၏။ အပေါ်ရောက်သည် နှင့် ဆံပင်ဖြူကြီးသည် သူ့ဝတ်ရုံ ဖြူကြီးပေါ်မှ သဲမှုန်တွေကို ခါချ၏။

ပြီးသည် နှင့် သူ့နံဘေးတွင် တင်ပလ္လင်ခွေဝင်ထိုင်လိုက်၏။ မှောင်မည်းနေသည် မို့ အဘိုးကြီး၏ မျက်နှာက မသဲကွဲ။

ထိုစဉ် သူ့အသံပေါ်လာ၏။

'မင်း ဘယ်သူလဲကွ'

'ကျွန်တော်လား'

'အေး . . .မင်းကိုမေးနေတာကွ။ ကြောင်တိကြောင်တောင်နဲ့ ကွာ'

'ဟုတ် . . .ဟုတ်ကဲ့။ ကျွန်တော့်နာမည် လောင်ကျက်ပါ'

'သြော် . . .သူခိုးလေးလောင်ကျက်ဆိုတာ မင်းကိုး'

'ဟုတ်ပါတယ် ဒါထက် အဘိုးက'

'ဟဲဟဲ . . .ငါ့နာမည်က ကြွက်ကြီးရာဇေ့တဲ့ ကွ'

'သြော် . . .'

ကြားလိုက်ရတဲ့ နာမည်ကြောင့် လောင်ကျက် ပြုံးစိစိဖြစ်သွား ၏။ နာမည်နှင့် လိုက်လှသော အဘိုးကြီးပင်။ ဘယ်အချိန်ကများ မြေ တွင်းကို ဖောက်နေသည် မသိ။ လောင်ကျက်သည် အဘိုးကြီးကိုကြည့် ရင်း တီးတိုးမေးလိုက်၏။

'အဘိုးက ဘာမှုနဲ့ အချုပ်ခံရတာလဲ'

'ဒါတွေ မင်းသိဖို့ မလိုပါဘူးကွာ'

'ဗျာ . . .'

အဘိုးကြီး၏ ဘုတောတောစကားကြောင့် လောင်ကျက်တစ် ယောက် အူကြောင်ကြောင်ဖြစ်သွားကာ၊ ထိုစဉ် အဘိုးကြီးက လေ သံနှင့် ပြောလာ၏။

'ဟေ့ကောင်လေး'

'ဗျာ . . .'

'မင်းဟာ သေဒဏ်ကျနေတဲ့ ကောင်လေးမဟုတ်လား'

'ဟုတ်ပါတယ် အဘိုးရယ်'

'အင်း . . .မင်းသတင်းကတောက ခပ်မွှေးမွှေးပဲဟေ့။ ငါ့ နာမည် ရာဇေ့ကွာ။ မင်းနဲ့ တစ်ခန်းကျော်မှာ အချုပ်ကျနေတဲ့ အကျဉ်း သားကြီးပေါ့ ကွာ'

'သြော် . . .အဘိုးအချုပ်ခံနေရတာ ဘယ်လောက်ရှိပြီလဲ ဟင်'

'အင်း . . .ဒီကနေ့ဆို ဆယ့်သုံးနှစ်၊ ဆယ့်နှစ်လနဲ့ နှစ်ဆယ့် ကိုးရက်

တိတိရှိပြီကွ'

'ဩော် . . .ကြာပြီပဲနော်'

'ထားပါတော့ကွာ။ ငါ အခုလိုကျင်းတူးပြီး မင်းအခန်းကို ဝင်လာတာ အကြောင်းရှိလို့ ကွ။ အဟွတ် . . .အဟွတ် . . .အဟွတ်'

အဘိုးအိုရှာဝေ့သည် တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေသဖြင့် စကားကို ရပ်လိုက်၏။ ထို့နောက် အသက်ခပ်ပြင်းပြင်း ရှူလိုက်သည့် အသံကို ကြားရ၏။ လောင်ကျက်၏ စိတ်အတွင်းတွင် အဘိုးအိုရှာ ဝေ့၏ ကျန်းမာရေးအခြေအနေက ကောင်းပုံမပေါ်ဟု ထင်မိ၏။ ထို စဉ်မှာ ရှာဝေ့စကားဆက်လာ၏။

'လောင်ကျက်'

'ဗျာ . . .'

'ငါ့ကျန်းမာရေးကတော့ နေ့လား ညလားပဲ ကောင်လေးရဲ့ ။ ဒီတော့ မင်းဆီမှာ ငါ အကူအညီတစ်ခုလိုချင်လို့ ကွာ'

'ဗျာ . . .အကူအညီ။ ဟာ . . .အဘိုးကလည်း ကျွန်တော်က လာမယ့် လပြည့်ညကို အသတ်ခံရတော့မယ်ဟာကို ဘယ်လိုကူညီ နိုင်မှာ လဲ အဘိုးရှာဝေ့ရယ်'

'အို မင်း မသေစေရပါဘူးကွာ'

'ဗျာ . . .ဘာ . . .ဘာဖြစ်လို့ လဲ အဘိုးရှာဝေ့ရဲ့ '

'မင်း တော်တော်အမေးအမြန်းထူတဲ့ ကောင်လေးပဲကိုး။ ငါ ပြောတာ နားထောင်စမ်းပါ လောင်ကျက်ရာ'

'ဟုတ် . . .ဟုတ်ကဲ့အဘိုး'

'ဒီမှာ လောင်ကျက်။ ငါဟာ မနက်ဖြန်လောက်တောင် အသက်ရှင်တော့မယ် မထင်ဘူးကွ'

'ဗျာ . . .ဘာ . . .ဘာဖြစ်လို့ လဲ အဘိုးရှာဝှေ့ရယ်'

'အဆိပ်မိထားလို့ ပေါ့ကွာ။ ဒီအဆိပ်ဟာ ဆယ့်လေးနှစ်ပြည့် တဲ့ နေ့မှာ လူ့ပြည်က ထွက်ခွာရတော့မှာ ကွ။ ဒီအဆိပ်အကြောင်းကို ငါ အသိဆုံးကွ'

'ဟင် ဘာအဆိပ်မိလို့ လဲ အဘိုးရှန်ဝှေ့ရယ်'

'မြွေဘီလူးအဆိပ်ကွ'

'ဗျာ မြွေဘီလူးအဆိပ် ဟုတ်လား။ ကြားတောင် မကြားဘူး ပါဘူး အဘိုးရာ'

'ဟာ . . .မင်းက သူခိုးပဲဟာ။ ဘယ်လိုလုပ်ပြီး သိုင်းလောက အကြောင်းကို သိမှာ လဲကွ'

'ဗျာ . . .ဒါဆို အဘိုးရှာဝှေ့က သိုင်းသမားကြီးပေါ့နော်'

ရှာဝှေ့သည် လောင်ကျက်ကို ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း ဆက်ပြောလိုက်၏။

'ကဲ အချိန်သိပ်မရှိဘူး လောင်ကျက်။ ငါ မင်းကို အကူ အညီတောင်းချင်တာကတော့ သိပ်အရေးကြီးတဲ့ ကိစ္စမို့ လူသိခံလို့ မဖြစ်ဘူးကွ။ ဒီတော့ ငါ့နားတိုးစမ်း'

'ဟုတ် . . .ဟုတ်ကဲ့ အဘိုးရှာဝှေ့'

လောင်ကျက်သည် အဘိုးရှာဝှေ့နားသို့ တိုးလိုက်ရာ၊ ရှာဝှေ့ သည် လောင်ကျက်နားနားကပ်ကာ တီးတိုးပြောပြလိုက်သည် ။

လောင်ကျက်မှာ အဘိုးရှာဌေ့စကားကို နားထောင်ရင်း မျက် လုံးပြူး မျက်ဆံပြူး ဖြစ်လာ၏။

'ဖြစ် . . .ဖြစ်ပ့ါမလား အဘိုးရယ်'

'ဟာ . . .မင်း တော်တော်ဒုံးဝေးတဲ့ ကောင်ပဲကိုး။ ဒီမှာ လောင်ကျက် မင်း အသက်ဘယ်လောက်ရှိပြီလဲကွ'

'ဟို . . .ဟို လာမယ့်လပြည့်ဆို ဆယ့်ကိုးနှစ်ပြည့်ပြီ အဘိုး ရှာဌေ့'

'အေး . . .မင်းဟာ အတော်ငယ်သေးတဲ့ ကောင်လေးပဲကွာ။ မင်းမှာ အဖေ အမေရှိသေးသလား'

'ဟို . . .မွေး . . .မွေးစားအမေပဲရှိပါတယ် အဘိုး။ ဒါပေမယ့် ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲ မှောက်နေပါတယ်။ ကျွန်တော့် သတင်းသာကြားရင် အမေတော့ ဒုက္ခတွေ့တော့မှာ ပဲ အဘိုးရယ်'

'ဩော် . . .မင်း ဘာလို့ ဒီလောက်စိတ်ရှုပ်စရာတွေ တွေး နေရတာလဲ လောင်ကျက်။ လောကမှာ စိတ်ရှင်းရှင်းနေနိုင်လေ ကောင်းလေပဲကွ။ ခုလဲ မင်းလေသံတွေ ငါနားထောင်ရတာတော့ အတော့်ကို လက်လျှော့နေတဲ့ ပုံပဲကိုး။ ဒီမှာ လောင်ကျက် . . .'

'ပြောပါ အဘိုး'

'လေ ၁က မ ၂၁ ကြောက်စရာအကောင်းဆုံးက လူ့စိတ်ပဲကွ။ အဲဒီစိတ်ကြောင့် ပဲ ဟောဒီလောကကြီးဟာ သာယာလာနိုင်သလို၊ ချက်ချင်းပဲ ပျက်စီးကြေမွသွားနိုင်တယ်ကွ။ ဒါကြောင့် စိတ်ကို အစိုး မရတဲ့ လူဟာ တိရစ္ဆာန်နဲ့ မခြားတဲ့ လူပဲကွ။ ဒီတော့ မင်းလိုငယ်ငယ်ရွယ် ရွယ် အချိန်မှာ မဖြစ်နိုင်ဘူးဆိုတဲ့ စကား ဘယ်တော့မှ မပြောနဲ့ ကွ။ အေး စိတ်ကို အစိုးမရတဲ့ သူဟာ သူရူး၊ လူနုံတွေပဲကွ။ အဲဒီလူတွေပဲ မဖြစ် နိုင်

ဘူးဆိုတဲ့ စကားတွေကို တွင် တွင် သုံးကြတာကွ။ ဒီတော့ အဲဒီလူတွေထဲမှာ မင်းပါသွားမှာ ငါ နှမြောတယ်။ ဒီတော့ ငါပြောတာတွေကို မင်းရအောင် လုပ်စမ်း။ တစ်နေ့ကျရင် မင်း ငါ့အကြောင်းသိလာမှာ ပေါ့ကွာ။ ကဲ . . .ဘယ်လိုလဲ လောင်ကျက် ငါပြောတဲ့ ကိစ္စကို သဘော တူသလား'

'ဟုတ် . . .ဟုတ်ကဲ့ အဘိုးရှာဖွေ့ ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျာ'

'ကောင်းပြီ . . .ဒါဆို မင်းငါ့အခန်းကို ပြန်လိုက်ခဲ့စမ်း'

'ဟင် . . .ဖြစ်ပါ့မလား'

'ဟေ့ကောင် . . .မင်းပါးစပ်ပိတ်စမ်းကွာ'

'ဟုတ် . . .ဟုတ်ကဲ့'

အဘိုးရှာဖွေ့မှာ အလွန်စိတ်တိုလှသူ ဖြစ်၏။ သူ လိုချင်သည့် ကိစ္စကို ပြောပြီးသည် နှင့် ကျင်းပေါက်ထဲ ပြန်ဝင်သွားတော့ရာ လောင် ကျက်လည်း အဘိုးရှာဖွေ့နောက် ကျင်းထဲသို့ ဆင်းလိုက်ခဲ့ရလေ၏။

မြေအောက်လိုဏ်အကျယ်မှာ တစ်ယောက်စာပဲရှိ၏။ သို့ပေ မယ့် ဖောက်ထားသည် မှာ လက်ရာသေသပ်လှ၏။

ရှာဖွေ့သည် ရှေ့မှ လေးဖက်ထောက်ပြီး ဝင်သွားသလို လောင်ကျက်လည်း နောက်မှ လေးဖက်ထောက်ဝင်ပြီး လိုက်ခဲ့ရာ နောက်ဆုံးရှာဖွေ့ကို ချုပ်ထားသည့် အချုပ်ခန်းကလေးထဲသို့ ရောက် ရှိ၏။

ရှာဖွေ့၏ အခန်းထဲသို့ ရောက်သည် နှင့် ချောင်းအဆက်မပြတ် ဆိုးကာ တဂွိဂွိနှင့် အသက်ပြင်းပြင်းရှူရင်း မောပန်းနေ၏။

လောင်ကျက်မှာ ရှာဖွေ့အခြေအနေကို ကြည့်ရင်း စိတ် မကောင်းဖြစ်နေ၏။ ထိုစဉ် ရှာဖွေ့က အနက်ရောင်နွှားသားရေအိတ် ကလေးနှင့် စာ

အုပ်ကလေးတစ်အုပ်ကို လှမ်းပေးလိုက်သည် ။

'ကဲ . . .မင်း အဲဒီအိတ်နဲ့ စာအုပ်ကို ယူပြီး ပြန်ပေတော့'

'ဟုတ် . . .ဟုတ်ကဲ့ အဘိုးရှာဇွေ့'

'အေး . . .ငါပြောတဲ့ ကိစ္စတွေ မမေ့နဲ့ နော်'

'စိတ် . . .စိတ်ချပါအဘိုး'

'နေဦးကွာ . . .မင်းကို အမှတ်အသားတစ်ခု လုပ်ပေးလိုက် ဦးမှ ပဲ။ ကဲ ဟိုဘက်လှည့်စမ်းကွာ'

'ဗျာ . . .ဘာလုပ်မလို့ လဲ အဘိုး'

'လျှာရှည်လိုက်တာကွာ။ လှည့်မှာ သာ လှည့်စမ်းပါ'

'ဟုတ် . . .ဟုတ်ကဲ့'

လောင်ကျက်သည် သူ့ကိုယ်ကို လှည့်ပေးလိုက်၏။ ရှာဇွေ့ သည် လောင်ကျက်၏ အပေါ်ဝတ်ရုံကိုမကာ လက်ထဲမှ စုတ်တံကြီးနှင့် သုံးချက်ပေါက်ချလိုက်သည် ။

'အောင်မယ်လေးဗျ'

'ဟာ . . .မင်းကလည်း ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ။ ကဲ အဲဒီအမှတ်အသားကိုပြလိုက်။ ဒါဆို မင်းကို သူတို့ ယုံကြည်သွားလိမ့် မယ်ကွ'

'ဟုတ် . . .ဟုတ်ကဲ့အဘိုး'

'အေး . . .လမ်းမှာ မင်းသုံးဖို့ ရွှေဒင်္ဂါးပြားတွေလည်း ငါ ထည့်ပေးလိုက်တယ်နော်'

'ကျေးဇူးပါပဲအဘိုး'

'ကဲ . . .ဒါဆို ပြန်ပေတော့'

'အောင်မြင်ပါစေကွာ အဟွတ် အဟွတ်'

လောင်ကျက်သည် အဘိုးရှာဖွေ့ကို နှုတ်ဆက်ကာ မြေ အောက်လိုဏ်ထဲသို့ ဆင်းခဲ့ပြီး သူ့အခန်းရှိရာသို့ ပြန်ခဲ့လေတော့၏။

ရှာဖွေ့ဆီမှ ပြန်လာခဲ့ပြီးနောက်တစ်နေ့တွင် ထူထဲလှသော သံမဏိတံခါးကြီးနားကပ်၍ ပြင်ပမှ အသံဗလံများကို နားစွင့်နေ၏။ စိတ်ထဲတွင် အဘိုးရှာဖွေ့ပြောသွားသည့် စကားတွေက ဟုတ်မှ ဟုတ် ပါ့မလားဟု စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေ၏။

ထိုစဉ် အပြင်စင်္ကြံမှ တရှပ်ရှပ်ခြေသံတွေကို ကြားလိုက် ရသဖြင့် တံခါးနားကပ်ပြီး နားစွင့်လိုက်၏။

'အင်း ကွက်ကြီးတော့ ကွသွားပြီဟေ့'

'အေးကွာ . . .အဘိုးကြီးက အတော်အသက်ပြင်းတဲ့ အဘိုး ကြီးကွ။ ထောင်ထဲမှာ ရှိတဲ့ အကျဉ်းသားတွေထဲမှာ တော့ အဘိုးကြီး ခေါင်းအမာဆုံးပဲဟေ့'

'ဟေ . . .ဘာဖြစ်လို့ လဲကွ'

'ဟာ . . .ဒီအဘိုးကြီးက ထမင်းဟင်းမစားဘဲ အကျဉ်းခန်း ထဲမှာ သုံးနှစ်တောင်နေနိုင်တာကွ။ ငါဖြင့် သူ့ကိုကြည့်ပြီး လူမှ ဟုတ် ရဲ့ လားလို့ တောင် သံသယဖြစ်မိတယ်ကွာ'

'ဟုတ်ကဲ့လားကွာ'

'အဟုတ်ကွ။ ဒီအဘိုးကြီးက ငါတို့ ကျွေးတဲ့ ထမင်းလည်း တစ်စေ့တောင် မစားဘူးကွ။ နောက်ဆုံး ရေတောင်သောက်တာ မဟုတ် ဘူး'

'အံ့ဩစရာပဲကွာ။ ကဲ . . .ငါတို့ အထက်ကိုအကြောင်းကြား ရဦးမယ် ကွ'

'အေးလေ . . .ဒါဆို သွားကြစို့'

တရှပ်ရှပ်နှင့် လျှောက်သွားတဲ့ ခြေသံတွေကို ကြားလိုက်ရသည် ။

လောင်ကျက်စိတ်ထဲတွင် အဘိုးရှာဖွေ၏ စကားတွေက မှန် လှပါ လားလို့ တွေးနေမိ၏။

နောက်ဆုံး အခန်းအလယ်ဗဟိုရှိ မွေ့ယာကြီးကို မ၍ ဖယ် လိုက်ပြီး အဘိုးရှာဖွေ့ဖောက်ခဲ့သော မြေအောက်လိုဏ်ထဲသို့ ကုန်း ကုန်းကွကွနှင့် ဝင်ခဲ့တော့သည် ။

လောင်ကျက်သည် ဂူလမ်းကိုကြည့်ရင်း ရှာဖွေ့၏ ဝိရိယကြီး မားပုံနှင့် စွမ်းအားကြီးမြင့်ပုံကို အံ့ဩမဆုံးနိုင်ဖြစ်နေမိသည် ။

နောက်ဆုံး ရှာဖွေ့နေသည့် အခန်းဝသို့ ရောက်လာသောအခါ မြေပြင်ပေါ်သို့ တွယ်၍ တက်လိုက်၏။

အမှောင်လမ်းကလေးထဲမှ ကျဉ်းကျဉ်းကြပ်ကြပ်လာခဲ့ရသဖြင့် အခန်းထဲရောက်သောအခါ မျက်နှာတွေ ကျိန်းစပ်နေသည် ။

လောင်ကျက်သည် အခန်းထဲရောက်သည် နှင့် ဟိုဟိုသည် သည် ကြည့်လိုက်ရာ အခန်းထောင့်တွင် ကတ္တီပါအိတ်အနက်ကြီးကို တွေ့လိုက်ရသဖြင့် အိတ်ကြီးအနီးသို့ ကပ်ခဲ့၏။

ထို့နောက် အိတ်၏ ဇစ်ကိုဆွဲဖွင့်ကြည့်လိုက်ရာ ရှာဖွေ့၏ အလောင်းကို တွေ့ရလေသည် ။

လောင်ကျက်သည် အခန်းတံခါးကို လှမ်းကြည့်လိုက်၏ အခြေ အ

နေကို စစ်ဆေးပြီးလိုက်သည် နှင့် ကတ္တီပါအဝတ်ရှည်ကြီးထဲမှ ရှာ ဖွေ၍ အလောင်းကို ထုတ်ကာ သူတက်လာခဲ့သော ကျင်းထဲသို့ ထည့် လိုက်သည် ။

ထို့နောက် အပေါ်မှ ကောက်ရိုးမွှေ့ယာကြီး ဖုံးအုပ်လိုက်သည် ။

ပြီးသည် နှင့် ကတ္တီပါအိတ်ကြီးထဲသို့ အလျင်အမြန်ဝင်လိုက် လေသည် ။

ထိုအချိန်တွင် ခြေသံတရှပ်ရှပ်နှင့် လျှောက်လာသည့် အသံ ကို ကြားလိုက်ရသလို စကားပြောသံဆိုသံများကိုလည်း ကြားလိုက်မိ ၏။

လောင်ကျက်သည် အိတ်ထဲရောက်သည် နှင့် ဇစ်ကို ဆွဲပိတ် လိုက်သည်

ထိုစဉ် ဂျိန်းခနဲမြည်သံနှင့် အတူ တံခါးဖွင့်သံကို ကြားလိုက် ရသည် ။

'ကဲ . .. .အိတ်ကိုကြိုးချည်လိုက်ရအောင်ကွာ'

'ချည်လေ'

အခန်းထဲသို့ဝင်လာသူ အမှုထမ်းနှစ်ဦးသည် ကတ္တီပါအိတ် ကြီးကို ကြိုးနှင့် အသေအချာ ချည်နှောင်လိုက်ကြ၏။

လောင်ကျက်သည် အသက်ရှူဖို့ ပင် မေ့နေ၏။ ထိုအချိန် တွင် လောင်ကျက်ကိုထည့်ထားသော အိတ်ကြီးကို အမှုထမ်းနှစ်ဦးက ထမ်း လိုက်လေသည် ။

'ဟ . . .လေးလှချည်လားကွ'

'ဟုတ်ပ့ါကွာ . . .အဘိုးကြီးက အစားသာမစားတယ် . . . အတော်

တော့လေးသားကွ'

'အေးကွာ . . .အံ့ဩစရာပဲ'

'ကဲပါကွာ . . .မြစ်ထဲရောက်အောင် အမြန်သွားကြစို့'

'အေး . . .အေး'

အမှုထမ်းနှစ်ဦးသည် ကတ္တီပါအိတ်ရှည်ကြီးကို ထမ်းကာ အကျဉ်းထောင်၏ အနောက်ဘက်အပေါက်မှ ထွက်ခဲ့ကြ၏။

အပြင်သို့ရောက်သည် နှင့် အမှုထမ်းနှစ်ဦးတို့ သည် စကား တပြောပြောနှင့် လျှောက်ခဲ့ကြရာ နောက်ဆုံး တောင်ကမ်းပါးထိပ်သို့ ရောက်ရှိ လာလေသည် ။

'ကဲ . . .အဆင်သင့်ပဲဟေ့'

'ပစ်ချလိုက်မယ်ကွာ'

'ဟုတ်ပ့ါကွာ။ ထမ်းထားရတာ ပင်ပန်းလှပြီ'

'ကဲ . . .လုပ်ကွာ'

နှစ်ဦးသား ပခုံးပေါ်မှ အိတ်ရှည်ကြီးကို မြေပြင်ပေါ်သို့ချ လိုက်သည် ။

'ဖွင့်ကြည့်ဦးမလားကွ'

'ဟာ . . .ဖွင့်မကြည့်စမ်းပါနဲ့ ကွာ။ နဂိုကမှ ကြွက်ရပ်ပေါက် နေတာ။ သေရင် ပိုတောင်ကြောက်စရာကောင်းဦးမယ်'

'အေး ဟုတ်သားပဲ။ ကဲ ဒါဆို ပစ်ချလိုက်မယ်'

'ဒါပေ့ါကွာ'

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် အိတ်ရှည်ကြီးကို ခေါင်းဘက် ခြေဘက်မှ ကိုင်ကာ သုံးလေးခါလွှဲလိုက်ကြပြီး အရှိန်ရသည် နှင့် တောင် ထိပ်ပေါ်မှ မြစ်ထဲသို့ တစ်ရှိန်ထိုး ပစ်ချ လိုက်လေတော့သည် ။

အိတ်ကြီးမှာ ပေသုံးထောင်ခန့်အမြင့်ရှိသော တောင်ထိပ်ကြီး ပေါ်မှ လွင့်စင်ကျ လာလေရာ နောက်ဆုံးမြစ်ထဲသို့ ဝုန်းခနဲကျသွား တော့၏။

အိတ်ကြီး၏ အရှိန်ကြောင့် မြစ်ပြင်တစ်ခုလုံး လှိုင်းဂယက် ထသွားသည် ။ အိတ်ကြီးသည် လှိုင်းဂယက်တွေကြား တဝဲဝဲ တလည် လည်လုပ်ရင်း နောက်ဆုံးတော့ ရေအောက်သို့ နစ်မြုပ်သွားတော့၏။

ထိုအချိန်တွင် အိတ်ထဲဝင်ပုန်းနေသော လောင်ကျက်သည် အဘိုးရှာဖွေပေးလိုက်သော လက်တစ်ဝါးစာရှိသည့် ဓားတိုကလေး တစ်လက်ကို ထုတ်ကာ အိတ်ကိုပင့်၍ ထိုးဖောက်လိုက်၏။ ရေတွေက လည်း အိတ်ထဲသို့ တရှဲရှဲနှင့် တိုးဝင်လာ၏။

လောင်ကျက်သည် အသက်မရှူဘဲ လက်ထဲမှ ဓားတိုကလေး ဖြင့် ချည်နှောင်ထားသော ကြိုးလေးကို လျင်လျင်မြန်မြန် ဖြတ် တောက်လိုက်သည် ။

အချိန်အနည်းငယ်အကြာတွင် ကြိုးတွေ တထောက်ထောက် နှင့် ပြတ်ကုန်၏။ ထိုအခါ အိတ်ထဲမှ အတင်းရုန်းထွက်လိုက်ကာ ရေအောက်ကြမ်းပြင်ပေါ် ဆင်းခဲ့၏။

မြက်ရိုင်းပင်ကြီးများ ၊ ကျောက်တုံးကျောက်ခက်ကြီးများက လည်း ကြမ်းပြင်ပေါ်တွင် ပြည့်နှက်နေ၏။ ငါးအမျိုးမျိုးကလည်း ရေ ထဲတွင် ခေါက်တုံ့လူးလာ ကူးခတ်နေကြ၏။ အရောင်ကလည်း စုံ လင်လှ၏။ အနီအပြာအဝါအစိမ်းနှင့် ချစ်စဖွယ်ကောင်းလှ၏။

လောင်ကျက်သည် အသက်ကို အောင့်ရင်း ရေအောက် ကြမ်းပြင်ကိုဖြတ်၍ ကူးခတ်ခဲ့လေသည် ။ တဖြည်းဖြည်းနှင့် အလင်း ရောင်တန်းကို မြင်လိုက်ရသဖြင့် ရေပြင်ပေါ်ရောက်လုနီးပြီဟု တွက် လိုက်၏။

မြစ်ရေအနက်ကလည်း ဝါးသုံးရိုက်ခန့်ရှိပေရာ အားကုန် ကူးခတ်ရင်း နောက်ဆုံးတော့ မြစ်ပြင်ပေါ်သို့ ရောက်ရှိ လာလေ၏။

ထိုအခါ ပက်လက်အနေအထားနှင့် ကိုယ်ဖော့လိုက်ကာ တောင်ထိပ် ပေါ်သို့ ကြည့်လိုက်၏။ တောင်စောင်းတစ်လျှောက်တွင် သစ်ပင်ကြီးငယ် များ ပေါက်ရောက်နေသဖြင့် တောင်ထိပ်ကို မမြင်ရ ပေ။

လောင်ကျက်သည် အမောပြေသွားသည့် နှယ် လက်ပစ်ကူး လိုက်ပြန်၏။ သူနှင့် အတော်ကလေး ခပ်လှမ်းလှမ်းတွင် လှေသဘော် ကြီးအချို့ သွားလာနေတာ မြင်ရသော်လည်း သူ့ကို မမြင်ကြ။

လောင်ကျက်သည် အားကုန်ကူးခတ်ရင်း တဖြည်းဖြည်း လက်ပန်း ကျလာ၏။ ကမ်းမမြင် လမ်းမမြင် မြစ်ပြင်ကြီးနှယ်ပင် ကူး ရင်း ကူးရင်း မောပန်းလာ၏။ ထိုစဉ်အဖာအထေးများ စွာကို ဆက် စပ်၍ ချုပ်ကာ ရွက်လွှင့်လာသော လှေအိုလေးတစ်စင်းကို တွေ့လိုက် ရလေ၏။

'ဟေး . . .ဟေး'

'ဒီမှာ ဗျို့ . . .ဒီမှာ '

လောင်ကျက်သည် အော်ရင်းဟစ်ရင်းနှင့် လှေအိုလေးကို အကူအညီ တောင်းလိုက်၏။ သူ့အသံက မြစ်ပြင်တွင် ပဲ့တင်ထပ်နေပေ ရာ နောက်ဆုံးလှေပေါ်တွင် ပါလာသော လူကြီးတစ်ဦးက မြင်တွေ့ သွားလေ၏။

ထိုအခါ လှေကို သူနှင့် အနီးဆုံးနေရာသို့ လှော်ခတ်လာခဲ့ ပေရာ အ

နားရောက်သည် နှင့် သူ့ကို လှေပေါ်မှ လူနှစ်ဦးက ဆွဲတင် လိုက်၏။

'အူးအား'

'ဘယ်လိုဖြစ်တာလဲကွ'

'ရေကူးကျင့်နေတာလားကွ'

'ဟုတ်ပ့ါကွာ။ ဒီမြစ်ကို မင်းက ပေ့ါသေးသေးများ အောက် မေ့နေသလား။ ဝဲတွေအရမ်းပေါတဲ့ မြစ်ကြီးကွ။ အဆင်မသင့်ရင် ရေ အောက်မှာ စုံးစုံးမြုပ်သွားနိုင်တယ်ကွ'

အပေါ်ပိုင်း ဗလာကျင်းနှင့် လူနှစ်ဦးသည် သူ့အနီးအနားတွင် ရပ်ရင်း တတွတ်တွတ်နှင့် အပြစ်တင်ပြောဆိုနေကြသော်လည်း လောင်ကျက်မှာ သူတို့ အပြောကို ဂရုမစိုက်အား။

တစ်လျှောက်လုံး ကူးခတ်ခဲ့ရသဖြင့် မောဟိုက်နေပေရာ အသက်လုရှူနေရ၏။ အချိန်အနည်းငယ်မျှအကြာတွင် အမောအပန်း ပြေ လာလေ၏။

ထိုအခါ ပလက်အနေအထားမှ နေ၍ လူးလဲထလိုက်၏။ ထို စဉ် အနီးသို့ ထောင်ထောင်မောင်းမောင်းနှင့် လှေသမားကြီးတစ်ဦး ရောက်လာ၏။

'ဟေ့ကောင်လေး . . .မင်းဘယ်သူလဲကွ'

'အား ကျွတ် ကျွတ် ကျွန်တော့်နာမည် လောင်ကျက်ပါခင် ဗျာ။ ကျွန်တော်လူကောင်းပါ အစ်ကိုကြီးရယ်'

'ဟာ . . .မင်းကို ငါ လူဆိုးလို့ မပြောပါဘူးကွာ။ ဒါထက် နေပါဦးကွ မင်းက ရေထဲမှာ လက်ပစ်ကူးနေတာ ဘာသဘောလဲကွ။ လေ့ကျင့်နေ

တာလားကွ'

'ဗျာ . . .ဟို . . .ဟောင်း . . .ဟောင်းကျူးမြို့ကို သွားမလို့ ပါ အစ်ကိုကြီးရယ်'

'ဘာ . . .ဟောင်းကျူးဟုတ်လား'

'ဟုတ်ပါတယ် အစ်ကိုကြီးရယ်'

'ဟား ဟား ဟား မင်းဟာ လက်ပစ်ကူးပြီး ဟောင်ကျူးကို သွားမယ် ဆိုတော့ ဦးနှောက်မှ ကောင်းသေးရဲ့ လားကွာ'

'ဗျာ . . .ဘာဖြစ်လို့ ပါလဲခင်ဗျာ'

'ဟာ အဲဒီဟောင်ကျူးဆိုတာ အဝေးကြီးကွ'

'ဗျာ . . .ဒါဆို ဒီလှေနဲ့ သွားလို့ ရမလားဟင်'

'ဟေ့ . . .မင်းကို ငါတို့ က လိုက်ပို့ရမယ် ဟုတ်လား။ မဖြစ် နိုင်ဘူး ကောင်လေးရေ။ ငါတို့ က တံငါသည် တွေကွ။ တစ်နေ့လုပ်မှ တစ်နေ့ စားရတာကွ'

'ဟာ . . .ဒီအတွက် မပူပါနဲ့ အစ်ကိုကြီးရယ်'

လောင်ကျက်သည် အဘိုးရှာဖွေ့ပေးလိုက်သော မဟူရာန္ဒား သားရေ အိတ်ထဲမှ နေ၍ ရွှေဒင်္ဂါးတစ်ပြားကိုထုတ်ကာ လှေသမားကြီး၏ လက် ထဲသို့ ထည့်လိုက်၏။

ဒင်္ဂါး၏ တန်ခိုးကြောင့် လှေသမားကြီးမှာ မျက်နှာဝင်းခနဲ လက်ခနဲ ဖြစ်သွား၏။ ထိုစဉ် သူတို့ အနားသို့ ဂင်တိုတို ပုကွကွနှင့် လှေသမားကြီး က အပြေးရောက်ရှိလာရာ လောင်ကျက်သည် နောက် ထပ် ဒင်္ဂါးတစ်ပြားကို ထုန်ကာ ပေးလိုက်ပြန်၏။

'ကဲ . .. .အစ်ကိုကြီးတို့ နှစ်ယောက် ကျွန်တော့်ကို ဟောင် ကျူးမြို့ကိုသာ လိုက်ပို့ပေးကြတော့'

'ဟာ . . .ပို့ပေးမှာ ပေါ့ ညီလေးရယ်။ တကယ်တော့ ညီလေး ပေးတဲ့ ရွှေဒင်္ဂါးတစ်ပြားဟာ အစ်ကိုကြီးတို့ သုံးနှစ်လောက်ရှာရတဲ့ ငွေပါကွယ်။ ကဲ . . .ဘာမှ မပူနဲ့ တော့ ညီလေးရေ။ အစ်ကိုကြီးတို့ နှစ် ယောက် ညီလေးကို ဟောင်ကျူးကိုရောက်အောင်ပို့ပေးပါ့မယ်ကွယ်။ ပြီးတော့ စားဖို့ သောက်ဖို့ အတွက်လည်း အစ်ကိုကြီးတို့ ပဲ တာဝန်ယူပါ့ မယ်ကွယ်'

'ကျေးဇူးတင်လိုက်တာဗျာ'

'ညီလေး'

'ဗျာ'

ထောင်ထောင်မောင်းမောင်းနှင့် လှေထိုးသားကြီးက လောင် ကျက်ကိုကြည့်ရင်း မိတ်ဆက်လိုက်၏။

'အစ်ကို့နာမည်က တိုက်ရှို၊ ဟိုကောင့်နာမည်က ချင်ရယ် တဲ့ ကွ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးတို့ ရယ်။ အစ်ကို ကြီးတို့ တွေနဲ့ တွေ့လို့ သာပေါ့။ မဟုတ်ရင် ကျွန်တော်လည်း မြစ်ထဲမှာ ကူးရင်း လက်ပမ်းကျပြီး သေသွားနိုင်တယ်'

'ဒါပေါ့ကွာ။ ကဲ အခုမှ တော့ ဘာမှ မပူနဲ့ ဟေ့ . . .ကဲ ဟေ့ ကောင် ချင်ရယ်'

'ဗျာ အစ်ကိုတိုက်'

'ဒီချာတိတ်ကို စားစရာရှိတာ ထုတ်ကျွေးကွာ။ သူက ငါတို့ ရဲ့ ကျေးဇူးရှင်ကွ'

ပြောပြောဆိုဆိုနှင့် ဂင်တိုတိုနှင့် လူသည် လေ့ပေါင်းမိုးထဲ အပြေးဝင်သွားလေသည် ။ တအောင့်မျှအကြာတွင် ချင်ရယ်သည် ခေါက်ဆွဲပန်းကန်များ ၊ ပေါက်ဆီထည့်ထားသော ဆွဲခြင်းများကို ကိုင် ကာ ရောက်ရှိလာ၏။

လေ ၁င် ကျက် မှ ၁ သူ့ရှေ့ရောက်လာသော စားသောက်ဖွယ်ရာများကိုကြည့်ကာ သွားရည်ယိုနေ၏။

'စား . . .စား ညီလေး။ အဝသာစားကွ'

'ဟုတ် . . .ဟုတ်ကဲ့'

ဣန္ဒြေပင်မဆည်နိုင်တော့ ပန်းကန်ထဲမှ ခေါက်ဆွဲများကို တူနှင့် ညှပ်ခါ တဝတပြဲစားသောက် လိုက်လေ၏။ တိုက်ရှိုနှင့် ချင်ရယ် တို့ နှစ်ဦးမှာ တော့ လက်ထဲမှ ရွှေဒင်္ဂါးပြားကိုကြည့်ကာ ဝမ်းသာအားရဖြစ်နေကြ၏။

စင်စစ် တရုတ်ပြည်ကြီးမှာ နိုင်ငံရေးအခြေအနေက မတည် မငြိမ်ဖြစ်နေသည့် အချိန်အခါ ဖြစ်၏။ မွန်ဂိုတို့ သည် တရုတ်ပြည်ထဲ သို့ ကျူးကျော်ဝင်ရောက်လာကာ အမျိုးဘာသာသာသနာကို ဖျက်ဆီးချေမွနေကြ၏။

သူတို့ ၏ လုပ်ရပ်က စက်ဆုပ်ရွံရှာစရာကောင်းလှ၏။ အမျိုးကောင်းသားသမီးများကို ဖျက်ဆီး၏။ ယဉ်ကျေးမှုအဆောက်အအုံကိုဖြိုချ၍ တိုင်းပြည်၏ စည်းစိမ်ဥစ္စာ မှန်သမျှကို အတင်းလုယက်ကြ၏။ ထို့ကြောင့် လည်း တိုင်းသူပြည်သားအားလုံးမှာ ကျီးလန့်စာစားဖြစ်နေကြ၏။

ပို၍ ဆိုးသည် မှာ တိုင်းပြည်မျက်နှာမထောက် ကိုယ့်လူမျိုး ကိုယ့်

ဘာသာကို မထောက်ညှာဘဲ အသားထဲက လောက်ထွက်သည့် ကိစ ဖြစ်၏။

သုခိုးဓားရိုးကမ်းခြင်းသည် လူတွေကိုယ့်ဖို့ သာ ကြည့်သည့် လူတွေ ရှိနေကြသမို့ မွန်ဂိုတို့ အကြောင်းကို မကောင်းမပြောရဲကြ။ လူထု ခမျာ ကွယ်ရာတွင် သာ တီးတိုးပြောဆိုနေကြရလေ၏။

မွန်ဂိုတို့ ၏ မတရားမှုများကြောင့် တိုင်းသူပြည်သားများမှာ လည်း စားရမဲ့ သောက်ရမဲ့အခြေသို့ ရောက်ရှိနေကြပေရာ ထိုက်ရှီနှင့် ချင်ရယ် တို့ နှစ်ဦးမှာ လည်း ဆင်းရဲမွဲတေလှသောဒဏ်ကို ကျောကော့အောင် ခံစားနေကြရ၏။

မြစ်ထဲတွင် တစ်နေကုန်မြှုပ်နှံထားကြရပြီး ရလာသည့် ငါးမျိုး စုံကို ရောင်းချရာတွင် လည်း ကုည်သည် တွေ၏ မတရားခေါင်းပုံဖြတ်မှု ကို ခံခဲ့ကြရ၏။ ထို့ကြောင့် လည်း သူတို့ နောက်ကွယ်တွင် မှီခိုအားထား နေကြရသော မိသားစုတပြုံတမကြီးမှာ စားရမဲ့ သောက်ရမဲ့ဘဝကို ရောက်နေခဲ့ကြရ၏။

ယခုလည်း လောင်ကျက်ပေးလိုက်သော ရွှေဒင်္ဂါးပြားများကို ကြည့်ရင်း ဝမ်းသာအားရဖြစ်ရ၏။ လောင်ကျက်မှာ ထိုက်ရှီတို့ ၏ အဖြစ် သနစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်နေ၏။

ထို့ကြောင့် လည်း ဝမ်းထဲရောက်သွားသော အစားအစာကိုပင် ပြန် အန်ထုတ်ချင်သည့် စိတ်ပေါက်သွားမိ၏။ ထိုက်ရှီတို့ ကတော့ သူတို့ အတွေးနှင့် သူတို့ ကြည်နူးနေကြ၏။

လှေကလေးမှာ ရာသီဥတုငြိမ်သက်ကောင်းမွန်လှသည် ။ မြစ် ပြင်တွင် တလွင့်လွင့်ရွက်တိုက်လာခဲ့ပေရာ နောက်ဆုံး တူးမားမြို့ ကလေးသို့ ရောက်ခဲ့တော့သည် ။

တူးမားမှာ လောင်ကျူးမြို့နှင့် ဝေးလှသည် တော့ မဟုတ်ပေ။ ထိုက်ရှီ၏ စကားအရ တစ်ရက်အိပ်သာ သွားရသည် ဟု သိရသည် ။

လောင်ကျက်သည် လှေပေါ်မှ ဆင်းသည် နှင့် ထိုက်ရှီတို့ ကို နှုတ်ဆက်ကာ မြစ်ဆိပ်အတိုင်း လျှောက်ခဲ့လေတော့သည် ။

*